# ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများ ပြင်ဆင်ဖွဲ့စည်းမှုနောက်ဆုံးအခြေအနေအား ထုတ်ပြန်ခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့နှင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တို့တွင် ကြေညာချက်များ ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေငြာချက်များ၏ နောက်ဆက်တွဲအဖြစ် ယခုကြေငြာချက်ကို ထုတ်ပြန်ခြင်းဖြစ်ပြီး ယခုကြေငြာချက်ပါ စကားရပ်များသည် ယခင်ကြေငြာချက်ပါ စကားရပ်များအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ပါသည်။

အထက်တင်ပြပါ ယခင် ကြေညာချက်များအား ထုတ်ပြန်ခဲ့ပြီးနောက်တွင် Target Businesses ပြင်ဆင်ဖွဲ့စည်းမှုအား ပထမအဆင့်အနေနှင့် MM Myanmar Pte. Ltd. (the "Target Company") အောက်တွင် အောင်မြင်စွာ ပေါင်းစည်းနိုင်ခဲ့ပါသည်။ ဤကြေညာချက် ထုတ်ပြန်ချိန်၌ Target Company တွင် ကုမ္ပဏီ၏ FMI ကုမ္ပဏီ၏ အစုရှယ်ယာ ပိုင်ဆိုင်မှုမှာ ၁၅.၈၃% ရှိပြီး အစုရှယ်ယာရှင်စာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| အစုရှယ်ယာရှင် | စုစုပေါင်းပိုင်ဆိုင်သော ရှယ်ယာ အရေအတွက် | ရှယ်ယာပိုင်ဆိုင်မှုရာခိုင်နှုန်း |
|---|---|---|
| FMI ကုမ္ပဏီ | ၁၁,၀၃၂,၁၇၄ | ၁၅.၈၃% |
| Yoma Strategic Investments Ltd. ("YSIL) | ၄၃,၉၄၁,၇၃၈ | ၆၃.၀၅% |
| Exemplary Ventures Limited ("EVL") | ၁၄,၇၂၀,၃၁၈ | ၂၁.၁၂%% |
| စုစုပေါင်း | **၆၉,၆၉၄,၂၃၀** | **၁၀၀.၀၀%** |

**ခရီးသွားလုပ်ငန်းများ (TARGET BUSINESSES)**

လက်ရှိအချိန်တွင် Target Company အောက်တွင် ပေါင်းစည်းထားသော Target Businesses များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ပုဂံမြို့နှင့် အင်းလေးကန်ဒေသတို့၌ "Balloons over Bagan" အမည်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော မိုးပျံဘောလုံးလုပ်ငန်း နှင့် ၎င်းလုပ်ငန်းဆိုင်ရာအသုံးပြုသည့် ထိန်းသိမ်းထားသိုသည့်နေရာများ၊

(၂) Pun Hlaing Estate ရှိ တည်ဆောက်ဆဲ Pun Hlaing Lodge ဟိုတယ်စီမံကိန်းလုပ်ငန်း၊

(၃) ညောင်ဦးမြို့၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆိုပြုထားသော ခရီးသွားလုပ်ငန်းဆိုင်ရာစီမံကိန်း၊

(၄) ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ "Hpa-An Lodge" အမည်ဖြင့် ဆောင်ရွက်လျက်ရှိသော ဟိုတယ်လုပ်ငန်း၊

(၅) Asia Holidays (the AHTT Business) အမည်ဖြင့် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဒေသဂန်ဆောင်မှုလုပ်ငန်းများ၊

**SHC CAPITAL ASIA LIMITED (SHC) သို့ သွတ်သွင်းခြင်းအဆင့်**

FMI ကုမ္ပဏီသည် Target Company ကို ပိုင်ဆိုင်သည့် အစုရှယ်ယာများကို YSIL, EVL ("စာချုပ်ဝင်များ") တို့နှင့်အတူ SHC သို့ လွှဲပြောင်းရန် ကန့်သတ်စည်းကမ်းပါ ရှယ်ယာရောင်းဝယ်မှု သဘောတူညီချက်စာချုပ် (Original SPA) ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ (Original SPA) ကို ပြင်ဆင်သည့် ကန့်သတ်စည်းကမ်းပါ ရှယ်ယာအရောင်းအဝယ် ပြင်ဆင်သဘောတူညီချက် စာချုပ် (Amended and Restated SPA) ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့တွင် ထပ်မံချုပ်ဆိုခဲ့ကြပါသည်။

ထပ်မံချုပ်ဆိုသော Amended and Restated SPA ပါ စည်းကမ်းချက်များအရ SHC သည် Target ကုမ္ပဏီအား တန်ဖိုးငွေစက္ကူဒေါ်လာ ၆၉,၆၉၄,၂၂၈ (ကျပ် ၆၉.၆ ဘီလီယံခန့်)[1] (အဖိုးအခ) တန်ဖိုးသင့်၍ ဝယ်ယူသွားမည်ဖြစ်ရာ ယင်းတန်ဖိုးအသစ်မှာ မူလသဘောတူခဲ့သည့် စက္ကူဒေါ်လာ ၇၀,၆၇၅,၁၃၀ (ကျပ် ၇၀.၆ ဘီလီယံခန့်)[1] ထက် လျော့နည်းပါသည်။ ဤသို့ အဖိုးအခလျော့နည်းသွားခြင်းမှာ Target Company အနေနှင့် AHTT Business သို့ပေးရန်ရှိသည့် ပေးရန်တာဝန်များအား တာဝန်ယူရခြင်းကြောင့် ဖြစ်ပါသည်။

အဆိုပါအဖိုးအခကို အစုရှယ်ယာတစ်စုလျှင် တန်ဖိုးငွေစက္ကူ ဒေါ်လာ (၀.၂၆၃) ဖြင့် တန်ဖိုးသင့်သည့် SHC ၏ သာမာန်အစုရှယ်ယာများထုတ်ဝေပေးခြင်းဖြင့် အလဲအထပ်ပြုလုပ်၍ ပေးချေမည်ဖြစ်ပါသည်။ အဆိုပါပေးချေမည့် ရှယ်ယာသစ်များအား သက်ဆိုင်ရာအာဏာပိုင်များ၏ အတည်ပြုချက် ရရှိချိန်တွင် SGX ၏ Catalist Board တွင် စာရင်းဝင်မည် ဖြစ်ပါသည်။

အထက်ပါအတိုင်း ပြင်ဆင်ဆောင်ရွက်မှုတွင် FMI ကုမ္ပဏီမှ ရရှိမည့် SHC အစုရှယ်ယာအရေအတွက် သို့မဟုတ် အဖိုးအခ မှာ ပြောင်းလဲမှု မရှိဘဲ မူလအတိုင်း ရရှိမည် ဖြစ်ပါသည်။

**ပြင်ဆင်ဖွဲ့စည်းမှုကြောင့် ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ**

ဤပြင်ဆင်ဖွဲ့စည်းမှုသည် ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက် FMI ကုမ္ပဏီ၏ ရှယ်ယာတစ်စုလျှင် အသားတင် ပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့် (Consolidated Net Tangible Asset) နှင့် တစ်စုအပေါ်အမြတ် (Consolidated Earnings) အပေါ် များစွာပြောင်းလဲမှုရှိမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဂရုပြုရန်ဖော်ပြချက်**

**FMI ကုမ္ပဏီ**အနေဖြင့် အစုရှယ်ယာရှင်များသို့ အကြံပြုလိုသည်မှာ အထက်ပါ ကိစ္စရပ်ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်မှာ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်ရန် လိုအပ်သည်ဖြစ်၍ တစ်ထစ်ချ အောင်မြင်မည် သို့မဟုတ် နောက်ထပ် အပြောင်းအလဲ ရှိမည်မဟုတ်ဟု မယူဆရန် အသိပေးလိုပါသည်။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အနေဖြင့် ကုမ္ပဏီအစုရှယ်ယာများအား ရောင်းဝယ်ရာတွင် သတိပြုဆောင်ရွက်ကြရန် အကြံပြုလိုပါသည်။ အစုရှယ်ယာရှင်များ အနေဖြင့် ဤထုတ်ပြန်ချက်နှင့် ဆက်စပ်ထုတ်ပြန်သည့် ကြေညာချက်များအားလည်းကောင်း၊

[1] ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှသတ်မှတ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် အခြေခံပါသည်။

ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ FMI ကုမ္ပဏီမှဆက်လက်ထုတ်ပြန်မည့် ကြေညာချက်များအားလည်းကောင်း ဂရုပြုဖတ်ရှုကြပါရန်လည်း အကြံပြုအပ်ပါသည်။ အကယ်၍ အဆိုပါထုတ်ပြန်ချက်များအရ FMI ကုမ္ပဏီ၏ အစုရှယ်ယာအပေါ် အကျိုးသက်ရောက်မှုအား သုံးသပ်လိုပါက ကျွမ်းကျင်သောအကြံပေးပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်ပါရန် အကြံပြုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အလုပ်အမှုဆောင်ဒါရိုက်တာ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 BogyokeAung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

F M I

# UPDATE ON THE RESTRUCTURING OF THE GROUP'S TOURISM INVESTMENTS

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") refers to the Company's announcements dated 5 September 2016 and 24 October 2016 (collectively, the "Announcements") in relation to the restructuring of the Group's tourism investments. Unless otherwise defined, capitalized terms used herein shall bear the meanings ascribed to them in the Announcements.

Subsequent to the Announcements, and as part of the restructuring of the Target Businesses, the Company has consolidated the Target Businesses under MM Myanmar Pte. Ltd. (the "Target Company"), and the Company's new stake in the Target Company as of the date of this announcement is 15.83%.

As of the date of this announcement, the shareholding of the Target Company is as follows:

| **Shareholder** | **Total Number of Shares held** | **Shareholding Percentage** |
|---|---:|---:|
| Company | 11,032,174 | 15.83% |
| Yoma Strategic Investments Ltd. ("YSIL) | 43,941,738 | 63.05% |
| Exemplary Ventures Limited ("EVL") | 14,720,318 | 21.12% |
| **Total** | **69,694,230** | **100.00%** |

## TARGET BUSINESSES

The Target Businesses which have now been consolidated under the Target Company are as follows:

(i) the hot-air balloon business operating under the name 'Balloons over Bagan' with operations in Bagan and Inle Lake including operating locations used for the storage and warehousing of hot-air balloons;

(ii) Pun Hlaing Lodge, a boutique hotel development under construction in Pun Hlaing Estate;

(iii) a proposed commercial and tourism-related hospitality development to be constructed and developed in Nyaung U;

(iv) a hotel operating under the name 'Hpa-An Lodge' and located in Hpa-An Township, Kayin State; and

(v) a tourism and destination management business operating under the name 'Asia Holidays' (the "AHTT Business").

## FURTHER ACQUISTION BY SHC CAPITAL ASIA LIMITED ("SHC")

The Company had on 24 October 2016 entered into a conditional sale and purchase agreement (the "Original SPA") with SHC, YSIL and EVL (along with the Company, the "Parties") to sell to SHC the entire issued and paid-up share capital of the Target Company. On 17 August 2017, the Parties entered into an amending and restatement deed ("Amended and Restated SPA") to amend and restate the Original SPA.

Under the terms of the Amended and Restated SPA, the Target Company shall be acquired by SHC for a consideration of S$69,694,228 (approximately Ks. 69.6 billion[1]), (the "Consideration") which has been reduced from S$70,675,130 (approximately Ks. 70.6 billion[1]). The reduction in Consideration arose due to an agreement in which the Target Company will assume certain liabilities that were owed to the AHTT Business.

The Consideration shall be satisfied by the issuance and allotment of new ordinary shares (the "Consideration Shares") in the capital of SHC at the issue price of S$0.263 per share. The Consideration Shares shall be listed and quoted on the Catalist Board of SGX pending the approval of the relevant authorities.

For the avoidance of doubt, there is no change in the consideration payable or the number of Consideration Shares to be issued to FMI.

## FINANCIAL EFFECTS OF THE RESTRUCTURING

The restructuring is not expected to have a material impact on the consolidated net tangible assets per share and the consolidated earnings per share of the Company for the financial year ending 31 March 2018.

## CAUTIONARY STATEMENT

The Company would like to advise shareholders that the issuance of Consideration Shares by SHC and its related transactions are subject to conditions precedent being fulfilled, including any regulatory approvals that may be required, and there is no certainty or assurance as at the date of this announcement that the proposed transactions will be completed or that no changes will be made to the terms thereof. Accordingly, shareholders are advised to exercise caution in dealings in the shares of the Company. Shareholders are advised to read the Announcements in conjunction with this announcement as well as any future announcement(s) released by the Company in connection with the restructuring of the Company's tourism investments carefully. Shareholders should consult professional advisers if they have any doubt about the actions they should take.

By Order of the Board

Tun Tun
Executive Director

17 August 2017

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

---

[1] Based on the Reference Exchange Rate published by the Central Bank of Myanmar on 17 August 2017